

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ချင်းပြည်နယ်အစိုးရအဖွဲ့

## Chin State Investment and Products Fair 2019 တွင်
## ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီး၏
## တင်ပြချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မတ်လ(၁၆)ရက်

# ချင်းပြည်နယ်၏ မြေအသုံးချမှု

- ချင်းပြည်နယ်သည် မြေဧရိယာ (၈၉)သိန်းကျော် ကျယ်ဝန်း
- Chin State area more than (8.9)million Acre
- အသားတင်စိုက်ပျိုးမြေ ဧက(၂)သိန်း
- Cultivate area 200,000 Acre
- သစ်တောမြေဧက (၃၃)သိန်းကျော်
- Forest Land is more than (3.3)million Acre
- မစိုက်ပျိုးနိုင်သောမြေ ဧက(၃၀)သိန်းကျော်
- Non-arable area is more than (3)million Acre
- စိုက်ပျိုးနိုင်သောမြေ ဧက(၂၃)သိန်းကျော်
- Arable area is about (2.3)million Acre

# ဒေသဝမ်းစာဖူလုံမှု ပျမ်းမျှ(%)

- ချင်းပြည်နယ်တွင် ဒေသဝမ်းစာဖူလုံမှု(၄၈.၆၁%)
- The Local food sufficiency is 48.61%
- လယ်စပါးစိုက်ဧက (၂၅၅၉၈)
- Low Land Paddy field area is 25598 Acre
- တောင်ယာစပါးစိုက်ဧက (၅၃၂၆၂)
- Shifting Cultivation Paddy is 53262 Acre
- ပျမ်းမျှအထွက်နှုန်းဧက (၄၅.၉၁)တင်း
- The average yield 45.91 bags/baskets Per-acre.

# ရွှေ့ပြောင်းတောင်ယာစနစ် (Shifting Cultivation)

- ချင်းပြည်နယ်တွင် ပေ(၄၀၀၀)ကျော်ရှိ တောင်ကုန်း တောင်တန်းများပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းအဓိက လုပ်ကိုင်ခြင်း၊(More than 4000ft sea-level, mountainous area for cultivation.)
- မိရိုးဖလာ ရွှေ့ပြောင်းစနစ်သာ အဓိကကျင့်သုံးခြင်း၊ (Mainly rely on traditional shifting cultivation for living.)

- မိသားစုစားဝတ်နေရေးအတွက် တစ်နှစ်စာ တောင်ယာ ခုတ်ရန် မိသားစုတစ်စုလျှင် မြေကွက်(၁၀)ကွက်မှ (၁၅)ကွက်ထိ လုပ်ကိုင်ရန်လို၊ (A farmer family needs 10 to 15 plots of farm land for yearly.)
- ရွှေ့ပြောင်းတောင်ယာစနစ်ကို တစ်ဖြည်းဖြည်းလျှော့ချ၍ လုံးဝပပျောက်သည်အထိ ဆောင်ရွက်သွားရန်ရည်ရွယ်၊
- (To reduce or annihilate shifting cultivation.)

# ရွှေ့ပြောင်းတောင်ယာစနစ်၏ ဆိုးကျိုးများ

- သစ်တောပြုန်းတီးခြင်း၊ ( Forest decimation.)
- ရာသီဥတုဖောက်ပြန်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝဘေးဒဏ်များ ဆိုးရွားစွာ ဖြစ်ပေါ်လာခြင်း၊ (Climate Change and disaster.)
- တောင်ယာခုတ်ရာတွင် စိုက်ပျိုးကုန်ကျစရိတ်များ ထွက်ရှိ သီးနှံအထွက်တန်ဖိုးထက် မြင့်မားပြီး အကျိုးအမြတ် မရှိခြင်း၊(The cost of cultivation is high instead of the income of farmers.)

# ရွှေ့ပြောင်းတောင်ယာစနစ်မှ အမြဲတမ်းတောင်ယာ စနစ်သို့ ပြောင်းလဲနိုင်ရန် ဆောင်ရွက်သည့်လုပ်ငန်းများ

- ကုန်းမြင့်တောင်ယာစနစ်များ စက်မှုလယ်ယာဦးစီးဌာနမှ နှစ်စဉ် ဖော်ထုတ် စိုက်ပျိုးနေတာ ယနေ့အထိ ဧက (၅၀၀၀)ခန့်ရှိပြီဖြစ်၊ (5000 area of upland cultivation is explored by mechanized farming.
- ခေတ်မီတောင် စောင်းစိုက်ပျိုးခြင်း (SALT) Slopping Agriculture Land Technology (၅၅) ဧကရှိပြီဖြစ်၊

- တောင်ယာလှေကားထစ်များ ဖော်ထုတ်စိုက်ပျိုးခြင်း တို့ကို စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် တောင်သူ နှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်း များ ပူးပေါင်းဖော်ထုတ် စိုက်ပျိုးဆောင်ရွက်လျက်ရှိ၊ (Terrace cultivation is driving to develop by Agriculuture department with CSO and International organizations.)

- အမြဲတမ်းတောင်ယာစနစ် ဖြစ်ပေါ်လာစေရေးအတွက် ဒေသနှင့်ကိုက်ညီသည့် နှစ်ရှည်သီးနှံတွေဖြစ်တဲ့- (To develop permanent cultivated Farm Land to slow plantations like-)
- ကော်ဖီ(Coffee)
- ပိုးစာ (Mulberry and silk)
- ထောပတ် (Avocado)
- စပျစ်(Grape)
- ဝဥ(Elephant food yam)
- မျောက်ငို(Cluster bean)
- ပန်းသီး (Apple)

- နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်အတွက် ဖော်ထုတ်စိုက်ပျိုးနိုင်တဲ့ မြေလွတ်၊ မြေရိုင်းများ ရှိရန် လိုအပ်ခဲ့ရာ ခလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှု စနစ်ဖြစ်ပေါ်နေပြီး မိရိုးဖလာ ခါးမဦးချ အကွက်များ နှစ်စဉ်ရွှေ့ပြောင်း စိုက်ပျိုးခြင်းကြောင့် (၁၀)နှစ်မှ (၁၅)နှစ် အတွင်း အကွက်လွတ်မရှိ စိုက်ပျိုးခဲ့ပြီး တောင်ကြော မြေများတွင်လုပ်ထားသော မြေလွတ်၊ မြေရိုင်းများ မရှိ သလောက်ရှားပါးခြင်း၊

- ရွှေ့ပြောင်း တောင်ယာနားထားသော နှစ်များသည် (၁၀) နှစ်ခန့် ကြာမြင့်သည့်အတွက် ၎င်းမြေများအား မြေလွတ်၊ မြေရိုင်း အဖြစ် သတ်မှတ်ဖော်ထုတ်ပါက မိရိုးဖလာ စိုက်ပျိုးတောင်သူ များအတွက် မြေယာနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ဒေသခံတောင်သူများ၏ ဓလေ့ထုံးတမ်းများကိုထည့် သွင်းစဉ်း စားပြီး တောင်ပေါ်ဒေသများ၏ မြေယာဥပဒေကို ပြဋ္ဌါန်းမှု လိုအပ်ကြောင်း၊

# ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်သွားရမည့် နည်းလမ်းများ

- ဒေသခံတောင်သူများနှင့်အကျိုးတူပူးပေါင်း၍ စိုက်ပျိုးခြင်း၊ ( With the basic of mutual benefit system)
- မြေယာများ အပြီးအပြတ်ဝယ်ယူစိုက်ပျိုးခြင်း၊ (To Buy Back System)
- နှစ်တိုနှစ်ရှည် ချေးငွေထုတ်ချေးပြီး ထွက်ကုန်ပြန်လည် ဝယ်ယူခြင်း၊(To provide short and long term loan to farmers and buy back system.)
- ကုန်ချောထုတ်လုပ်ငန်းများ တည်ထောင်ပြီး ရင်းနှီးမြှုပ်နှံခြင်း၊(Investment)

- နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများဖိတ်ခေါ်ပြီး ပညာပေး ဆွေးနွေးခြင်းဖြင့် တောင်သူများလည်း အကျိုးဖြစ်ထွန်း စေပြီး တောင်သူဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ပံ့ပိုးပေးရာ ရောက်မည်ဖြစ်ခြင်း၊

# သဘာဝနယ်မြေ(ပတ်ဝန်းကျင်)ထိန်းသိမ်းမှု

- ပြည်နယ်အတွင်း သစ်တောဖုံးလွှမ်းမှု(၇၅%)၊ အသား တင်စိုက်ပျိုးမြေ(၂%)ခန့်ရှိ၊
- ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝ ဥယျာဉ်များတည်ဆောက်မှု ဆောင်ရွက်လျက်ရှိ၊

# မွေးမြူရေးကဏ္ဍ

- နွားနောက်မွေးမြူရေးကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်နေ ကြပြီး ပြည်နယ်အတွင်းနွားနောက်ကောင်ရေ (၆)သောင်း ကျော် မွေးမြူလျက်ရှိ၊
- ဌာနပိုင်ငါးသားဖောက်စခန်း(၂)ခုနှစ် ဒေသခံ တစ်ပိုင် တစ်နိုင် ငါးသားဖောက်စခန်း(၈)ခုတို့ကို တည်ထောင်ပြီး တောင်သူ (၆၁၃)ဦးဖြင့် (၃၀၃)ဧကကို မွေးမြူ ဆောင်ရွက် လျှက်ရှိ၊

- တစ်ဦးချင်းငါးစားသုံးမှု (၃.၇၈)ကီလိုဂရမ်နှင့်တွက်ကြည့် ပါက ငါးမွေးမြူရေးကဏ္ဍတွင် လာရောက် ရင်းနှီး မြှုပ်နှံမည် ဆိုပါက အကျိုးအမြတ်၊ အခွင့်အလမ်းကောင်းများ ရှိနိုင် ကြောင်း၊

# သတ္တုကဏ္ဍ

- သတ္တုကြောများ ရှာဖွေစမ်းသပ်သုတေသနပြုလုပ်လျက် ရှိပြီး ရင်းနှီးမြှုပ်နှံလိုသူများလည်း လာရောက်ရှာဖွေ စမ်းသပ်လျက် ရှိကြောင်း၊

# နိဂုံး

- ပြည်ပရင်းနှီးမြှုပ်နှံမှု(လုံး၀)မရှိသေးသော ချင်းပြည်နယ် တွင် ကောင်းမွန်သော သဘာ၀တောင်တောင်၊ ရေခံမြေခံ၊ မပျက်စီး သေးသော သဘာ၀သယံဇာတများ၊ မိရိုးဖလာ အမွေအနှစ် အဖြစ် တည်ရှိနေသေးသည့်အတွက် ရင်းနှီးမြှုပ်နှံလိုသူ ပြည် တွင်း၊ ပြည်ပလုပ်ငန်းရှင်များ အနေဖြင့် မိမိတို့ ချင်းပြည် နယ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် သဘာ၀ ပျက်စီး ထိခိုက်မှု မရှိဘဲ ချင်းတောင်တန်းကြီးကို ကမ္ဘာ့ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ပြသနိုင်သည့်တောင်တန်း ကြီးတစ်ခုဖြစ်ပေါ်လာရန် လာရောက် ရင်းနှီးမြှုပ်နှံကြရန်၊


ကျေးဇူးတင်ပါသည်။